# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

စာအမှတ်၊ ၄၃၂၃(၅၁၆၁)/ ၁၄-၀၃ / ဦး ၄

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

သို့

သတင်းပို့အဖွဲ့အစည်းများအားလုံး

အကြောင်းအရာ။ **ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့်နိုင်ငံများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ကိစ္စ**

ရည် ညွှန်း ချက်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၄-၁၂-၂၀၁၉ ရက်စွဲပါ အမိန့်အမှတ် ၈/၂၀၁၉

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၁ နှင့် နိုင်ငံတော်သမ္မတရုံးမှ ၁၄-၁၁-၂၀၁၉ ရက်တွင် အမိန့်အမှတ် ၄၅/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာ အမိန့်အပိုဒ် ၂၂ တို့တွင် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့်အချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံ၊ ဒေသများနှင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုဖော်ထုတ်ခြင်းခံရသည့် နိုင်ငံ၊ ဒေသများမှ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် စီးပွားရေးဆက်ဆံဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၂။ ထို့အပြင် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံ၊ ဒေသများရှိ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် စီးပွားရေးဆက်ဆံဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် အန္တရာယ်များနှင့် အချိုးညီသည့် တိုးမြှင့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။

၃။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) က ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် မျက်နှာစုံညီအစည်းအဝေးတွင် အောက်ဖော်ပြပါ နိုင်ငံများအား ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားပြီး အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်း

ခံရသည့် နိုင်ငံ၊ ဒေသများ (High-Risk Jurisdictions subject to a Call for Action) အဖြစ် ထုတ်ပြန်ခဲ့ပါသည်-

(က) Democratic People's Republic of Korea (DPRK)

(ခ) Islamic Republic of Iran (Iran)

၄။ ငွေရေးကြေးရေး အဖွဲ့အစည်းများအပါအဝင် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် အထက်ဖော်ပြပါနိုင်ငံများမှ ငွေရေးကြေးရေး အဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် စီးပွားရေး ဆက်ဆံဆောင်ရွက်ခြင်းနှင့် လွှဲပြောင်း ဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် အောက်ဖော်ပြပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အဆိုပါနိုင်ငံများသို့ ငွေကြေးနှင့်ပစ္စည်း လွှဲပြောင်းဆောင်ရွက်မှုများ မပြုလုပ်ခင် ကြီးကြပ်ရေးအာဏာပိုင်သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

(ခ) အဆိုပါနိုင်ငံများရှိ ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် မိမိနိုင်ငံအတွင်း လက်အောက်ခံ ကုမ္ပဏီခွဲများ သို့မဟုတ် ရုံးခွဲများ သို့မဟုတ် ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထားသည်ကို တွေ့ရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကြီးကြပ်ရေးအာဏာပိုင်များသို့ ချက်ခြင်း သတင်းပို့ရမည်။

(ဂ) အဆိုပါ နိုင်ငံများတွင် လက်အောက်ခံ ကုမ္ပဏီခွဲများ သို့မဟုတ် ရုံးခွဲများ သို့မဟုတ် ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထားခြင်း သို့မဟုတ် ဖွင့်လှစ်ခြင်းပြုလုပ်လိုပါက ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကြီးကြပ်ရေးအာဏာပိုင်များသို့ သတင်းပို့ရမည်။

(ဃ) အဆိုပါ နိုင်ငံများရှိ လူပုဂ္ဂိုလ်များနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများ သို့မဟုတ် ငွေကြေးဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှုများပြုလုပ်လိုပါက သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များသို့ တင်ပြခွင့်ပြုချက်တောင်းခံရမည်။

(င) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရာတွင် အဆိုပါနိုင်ငံများတွင် ရှိသည့် ကြားခံပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအပေါ်အမှီပြု၍ ဆောင်ရွက်ခြင်း မပြုရ။

(စ) အဆိုပါ နိုင်ငံများတွင်ရှိသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပြုလုပ်သည့် အဆက်အသွယ် ဘဏ်လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း သို့မဟုတ် လိုအပ်ပါက ရပ်စဲခြင်းများပြုလုပ်ရမည်။

(ဆ) အဆိုပါနိုင်ငံ၊ ဒေသများတွင် ဖွင့်လှစ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် လက်အောက်ခံလုပ်ငန်းများနှင့် လုပ်ငန်းခွဲများအတွက် အကြိမ်အရေအတွက် တိုးမြှင့်ခြင်းနှင့် စည်းကမ်းတင်းကြပ်ခြင်းတို့ကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် ပြင်ပစာရင်းစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်။

(ဇ) အဆိုပါနိုင်ငံ၊ ဒေသများတွင် လက်အောက်ခံကုမ္ပဏီများ၊ ရုံးခွဲများဖွင့်လှစ်ထားရှိသည့် လက်အောက်ခံ ကုမ္ပဏီများ၊ ရုံးခွဲများအပေါ် ပြင်ပစာရင်းစစ်ဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

(ဈ) အဆိုပါနိုင်ငံများမှ ဆက်သွယ်ဆောင်ရွက်သူများနှင့် အကျိုးခံစားခွင့်ရှိသူများနှင့် ပတ်သက်၍ ဖော်ထုတ်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကြီးကြပ်ရေးအာဏာပိုင်များသို့ နှစ်စဉ် အစီရင်ခံစာများ ပေးပို့တင်ပြရမည်။

၅။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(FATF) သည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့်မျက်နှာစုံညီအစည်းအဝေးတွင် အောက်ဖော်ပြပါ နိုင်ငံများအား တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်မည့် နိုင်ငံ၊ဒေသများ (Jurisdictions under Increased Monitoring) အဖြစ် ထုတ်ပြန်ခဲ့ပါသည်-

(က) Albania

(ခ) The Bahamas

(ဂ) Barbados

(ဃ) Botswana

(င) Cambodia

(စ) Ghana

(ဆ) Jamaica

(ဇ) Mauritius

(ဈ) Myanmar

(ည) Nicaragua

(ဋ) Pakistan

(ဠ) Panama

(ဥ) Syria

(ဎ) Uganda

(ဏ) Yemen

(တ) Zimbabwe

၆။ ငွေရေးကြေးရေးအဖွဲ့အစည်းများ အပါအဝင် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် အထက်ဖော်ပြပါနိုင်ငံများမှ ငွေရေးကြေးရေးအဖွဲ့အစည်းများ အပါအဝင် လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် စီးပွားရေးဆက်ဆံဆောင်ရွက်ခြင်းနှင့် လွှဲပြောင်း ဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ အင်တာနက်စာမျက်နှာများဖြစ်ကြသော http://www.fatf-gafi.org/publications/high-risk-and-other-monitored-jurisdictions/documents/call-for-action-october-2020.html နှင့် http://www. fatf-gafi.org/publications/high-risk-and-other-monitored-jurisdictions/documents/ increased-monitoring-october-2020.html တို့တွင် အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုလေ့လာ၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များပါ ဆက်သွယ်ဆောင်ရွက်သူကို အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းတို့ ပြုလုပ်ရန် အကြောင်းကြားအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်

**ဖြန့်ဝေခြင်း**

ကြီးကြပ်ရေးအာဏာပိုင်များအားလုံး (သတင်းပို့အဖွဲ့အစည်းများသို့ ထပ်မံဖြန့်ဝေပေးနိုင်ပါရန်နှင့် လိုအပ်သည့် ကြီးကြပ်ဆောင်ရွက်မှုများပြုလုပ်နိုင်ပါရန်)

**မိတ္တူကို**

လက်ခံစာတွဲ/မျှောစာတွဲ